**မော်တော်ယာဉ်သွားလာမှုနှင့်ဆိုင်သော စွဲချက်/ အဖိုးအခအတွက် ဖြေရှင်းမှုညွှန်ကြားချက်များ**

သင်၏ယာဉ်သွားလာမှုနှင့်ဆိုင်သော စွဲချက်/အဖိုးအခ(များ)အား ဖြစ်နိုင်သော ဖြေရှင်းမှုတစ်ခုအတွက် Oneida County District Attorney's Office (အိုနိုင်းဒါးကောင်တီခရိုင်ရှေ့နေရုံး) သို့စာရေးရန် သင့်အားရွေးချယ်ထားပါသည်။ ကျေးဇူးပြု၍ အောက်ပါပစ္စည်းများကို အောက်တွင်ပေးထားသော လိပ်စာသို့ပေးပို့ပါ။ **အီးမေးလ်တောင်းဆိုမှုတစ်ခုသည် စာတိုက်ဝန်ဆောင်မှုမှတစ်ဆင့် ပေးပို့ခြင်းထက် တုန့်ပြန်မှုပိုမိုမြန်ဆန်နိုင်သည်ကို ကျေးဇူးပြု၍ သတိပြုပါ။**

၁။ သင့်ယာဉ်အသွားအလာလက်မှတ်၏ ရှင်းလင်းပြတ်သား၍ ဖတ်နိုင်သော မိတ္တူတစ်စောင်။ (သင်၏ဖိုင်များအတွက် မူရင်းအား သိမ်းထားပါ။)
၂။ သင်၏သုံးစွဲသူ ID နံပါတ်ဖြစ်သော DMV ဂဏန်း ၉ လုံး
၃။ လျှော့ချခြင်းတစ်ခုသည် ပြစ်မှုများ၏ သင့်လျော်ခြင်း/အခြေအနေများနှင့် အဘယ်ကြောင့် ပတ်သတ်ကြောင်း ရှင်းလင်းချက်စာတစ်စောင်
၄။ အကယ်၍ မော်တော်ယာဉ်မတော်တဆတစ်ခုကြောင့် ဖြစ်ပေါ်လာသောစွဲချက်/အဖိုးအခဖြစ်ပါက သင်၏အာမခံကုမ္ပဏီမှ ပစ္စည်းပိုင်ဆိုင်မှု/ လူပုဂ္ဂိုလ်ထိခိုက်ဒဏ်ရာရရှိမှုများအားလုံးကို အပြည့်အဝပေးချေပြီးကြောင်းဖော်ပြထားသော စာတစ်စောင်**နှင့်** ယာဉ်မတော်တဆမှုမှတ်တမ်း မိတ္တူတစ်စောင်
၅။ အကယ်၍ သင့်အနေဖြင့် ပြည်နယ်ပြင်ပလိုင်စင်ပိုင်ဆိုင်ထားပါက သင်သည် လိုင်စင်ထုတ်ပေးသောပြည်နယ်၏ မော်တော်ယာဉ်ဌာနမှ သင်၏ကောက်နုတ်ချက်တစ်ခု သို့မဟုတ် သင်၏ယာဉ်မောင်းမှတ်တမ်းရာဇဝင်အားပေး**ရ**မည်။ **နောက်ပြီး**
၆။ မိမိလိပ်စာအသင့်တပ်ပေးထားပြီး တံဆိပ်ခေါင်းကပ်ထားသော၊ တရားဝင်အရွယ်အစား စာအိတ်တစ်စောင် (စာတိုက်ဝန်ဆောင်မှုမှတစ်ဆင့် လျှော့ချပေးရန်တောင်းဆိုလျှင်)

ကျေးဇူးပြု၍ ဆက်သွယ်ရန် နည်းလမ်း**တစ်ခု**ကို ရွေးချယ်ပါ။

DAtraffic@ocgov.net

သို့မဟုတ်

Oneida County District Attorney's Office
Attn: Traffic Resolution Unit
235 Elizabeth Street
Utica, New York 13501

သို့မဟုတ်

Oneida County District Attorney's Office
Attn: Traffic Resolution Unit
FAX : 315-798-5582

**နည်းလမ်းတစ်ခုဖြင့်သာ တင်ပါ။ ပုံတူပွားထားသော (နှစ်ခုဖြစ်နေသော)လျှောက်လွှာများအား လက်ခံလိမ့်မည် **မဟုတ်**ပါ။ **

**အကယ်၍ သင်၏တောင်းဆိုမှုကို ဖက်စ် သို့မဟုတ် အီးမေးလ်မှတစ်ဆင့်ပေးပို့ပါက ပြန်လည်ပေးပို့ရမည့်ဖက်စ်နံပါတ် သို့မဟုတ်အီးမေးလ် လိပ်စာအားပေးရန် ကျေးဇူးပြု၍သေချာစေပါ။ သင့်အနေဖြင့် တိကျသေချာသော ဆက်သွယ်ရန်အချက်အလက်အားပေးရန် တာဝန်ရှိသည်။**

ပြန်လည်သုံးသပ်ရန်နှင့် တုန့်ပြန်မှုအတွက် ကျေးဇူးပြု၍ ရက် ၃၀ အထိခွင့်ပြုပါ။ **ဤညွှန်ကြားချက်များကို အတိအကျလိုက်နာရန် ပျက်ကွက်ပါက ခရိုင်ရှေ့နေမှ တုန့်ပြန် ပြန်ကြားမှုမရှိနိုင်ကြောင်း** ကျေးဇူးပြု၍ ဂရုပြုပါ။ ဤလုပ်ငန်းစဉ်အား ထပ်မံ၍ပြန်လည်စတင်ရမည် ဖြစ်ပြီး သင်၏အမှုအား နှောင့်နှေးစေမည်ဖြစ်သောကြောင့် သင့်လိုင်စင်အား ဆိုင်းငံ့ထားစေနိုင်သည်။ အကယ်၍သင်သည် လွဲမှားသောအပြုအမူ ယာဉ်မှုခင်းပြစ်မှုတစ်ခု (AUO ပြင်းထန်ဆိုးရွားသောလိုင်စင်မဲ့မောင်းနှင်မှု၊ DWI မူးယစ်သေစာသောက်စား၍ မောင်းနှင်ခြင်းကဲ့သို့သော) နှင့် စွဲချက်တင်ခံရပါက သင်သည် ဤလွှဲပြောင်းအစီအစဉ်အတွက် အရည်အချင်းမပြည့်မီ/မသင့်လျော်ပါ။ လွဲမှားသောအပြုအမူပြစ်မှုများ သည်တရားရုံး၌ လူကိုယ်တိုင်တက်ရောက်ရန်လိုအပ်ပါသည်။

ဒဏ်ငွေများ၊ ပြစ်ဒဏ်များ၊ ရွှေ့ဆိုင်းမှုများနှင့်ပတ်သတ်သော မေးခွန်းများအားလုံးကို တရားရုံးသို့ တင်ပြရမည် ဖြစ်သည်။

**အကယ်၍ သင့်အနေဖြင့် ဤလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်၌မဆို စကားပြန်တစ်ဦးလိုအပ်ပါက သင့်အားစကားပြန်တစ်ဦး ထောက်ပံ့ပေးရန် ကျေးဇူးပြု၍ တရားရုံးသို့ဆက်သွယ်ပါ။**